The Arakan International

The Arakan International

နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

## အေအိုင်စာအုပ်စင်

# Legendry History of Burma and Arakan




**စာအုပ်နာမည်။** ။ Legendary History of Burma and Arakan

**စာရှီးသူ။** ။ Captain C.J.F.S. Forbes (Late Deputy Commissioner, British Burma)

**ထုတ်ဝီသူ။** ။ Published by the Authority of Government.

**ထုတ်ဝီသည့်ခုနှစ်။** ။ ၁၈၈၂။

**စာမျက်နှာ။** ။ ၃၄ မျက်နှာ။

**စာအုပ်တန်ဖိုး။** ။ ၂၀ ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

ဗြိတိသျှအစိုးရလက်ထက်၌ လက်ထောက်ကော်မသျှင်နာမင်းကြီးတဦးဖြစ်သည့် Charles James Forbes Smith-Forbes (C.J.F.S. Forbes) ရေးသားခသည့်စာအုပ်ဖြစ်ပါသည်။ စာအုပ်နာမည်ကို Legendary History of Burma and Arakan ဟုပီးထားသော်လည်း ရီးထားသည့်အကြောင်းအရာများထဲတွင် လက်ဟိမြန်မာပြည်နယ်နိမိတ်ထဲဟိ လူမျိုးအသီးသီး၏ သမိုင်းထဲမှ နိုင်ငံ၊ နယ်မြီ၊ မြို့တော်များအကြောင်းကို ရီးသားထားသည်ကို တွိ့ရပါသည်။

စာရီးသူ အိင်္ဂလိပ်အရာဟိကြီးသည် သူလက်လှမ်းတမှီ စုဆောင်းထားမိသမျှနှင့် ဒေသတွင်းသမိုင်းကို အတိုင်းအတာတခုထိခြုံမိ၊ ငုံမိအောင် သက္ကရာဇ်အလိုက် စီစဉ်ရီးသားခ ဟန်တူပါသည်။ ယင်းအချိန်က Burma ဟူသောဝေါဟာရ၏အောက်တွင် Arakan, Burma နှင့် Pegu ဟူသော အပိုင်းကြီး ၃ ပိုင်းကို စုပေါင်းခေါ်ဆိုကြောင်း ရီးသားထားသည်ကိုလည်းတွိ့ရပါသည်။ ရခိုင်နှင့် ဗမာရို့၏ ရှို့ဟောင်းသမိုင်းများသည် ဗုဒ္ဓဘုရားသျှင်၏ ပရိနိဗ္ဗာန်စံတော်မူသည့်ကာလ၊ အပိုင်းအခြားများနှင့်ဆက်စပ်နိန်ကြောင်း သူက ရီးသားထားသည်။ စာအုပ်တစ်နီရာ၌ ဗမာများသည် ရခိုင်များကိုသူရို့၏ ရှို့ဟောင်းအနွယ်တော်(စီနီယာ)များဟုအမြဲတမ်းသဖေါထားလေ့ဟိကြောင်းနှင့် ကျောက်ပန်းတောင်းမြို့ကို ရခိုင်ပြည်၏မြောက်ပိုင်းမြို့တော်ဟုလည်း ရီးသားထားသည်ကိုတွိ့ရပါသည်။ တကောင်း၊ ပြည်၊ ပုဂံ၊ တလိုင်း၊ အင်းဝ၊ ပဲခူး၊ သျှမ်းသမိုင်းများကိုလည်း ခုနှစ်အလိုက် အခန်းငယ်များခွဲ၍ ရီးသားထားပါသည်။

ဒေဝဟော၊ ကောလိယ မှသည် မြစ်ဖျားခံလျှက် အဘိရာဇာ၊ ကံရာဇာကြီး၊ ကံရာဇာငယ် အားလုံးပါဝင်သည်ကိုလည်းတွိ့ရသည်။ မဟာသက္ကရာဇ်နှင့် ခရိသက္ကရာဇ် ၂ ခုကိုနှိုင်းယှဉ်တွက်ချက်မှုအရ ဗုဒ္ဓသျှင်တော်မြတ် ပရိနိဗ္ဗာန်စံတော်မူသည့်ရက်မှာ ဘီစီ ၄၇၈ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနိ့ဖြစ်ကြောင်း တွက်ချက်ပြထားသည်ကိုလည်းတွိ့ရပါသည်။

စာအုပ်ငယ်ပြီး သမိုင်းတိုတိုထွာထွာများကို မြည်းစမ်းကြည့်ချင်သူများ အေစာအုပ်ကိုဖတ်ပါ။ ။

ကျေးဇူးတင်ပါသည်။ အားလုံး ကျန်းမာ ချမ်းသာ ဟိကတ်ပါစီ။ ။